# ဖွဲ့စည်းပုံအခြေခံဥပဒေ သင်တန်း

## ၂၀၁၈

**လျှောက်လွှာခေါ်ယူခြင်း |**

**နောက်ဆုံးထား ပို့ရမည့်ရက် - မေလ ၄ရက်**

*နေရာ - ပြင်ဦးလွင်*

*သင်တန်းကာလ - ဇွန်လ ၉ရက်နေ့ (စနေနေ့)မှ ၁၇ ရက်နေ့ (တနင်္ဂနွေနေ့)*

၉ရက်တာ ကြာမြင့်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သင်တန်းသည် တက်ရောက်မည့် သင်တန်းသား/သူများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်း၏ အရေးပါသော အခြေခံမှုများနှင့် လုပ်ငန်းစဉ်များ အကြောင်းကို မိတ်ဆက်ပေးမည်ဖြစ်ပါသည်။ ထို့ပြင် သင်တန်းသား/သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှိုင်းယှဉ်လေ့လာမှုများဆောင်ရွက်နိုင်မည့်အပြင်၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာမှု သမိုင်းကြောင်းစသည်တို့ကို နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင် ပညာရှင်များထံမှ သင်ယူလေ့လာနိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ သင်တန်းတွင် မတူကွဲပြားပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံများနှင့် ပဋိပက္ခများဖြေရှင်းရေး အခင်းအကျင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း၏ အခန်းကဏ္ဍအား အထူးသဖြင့် အလေးထားပို့ချသွားမည်ဖြစ်သည်။ ထို့ပြင် ယင်းကဲ့သို့သော ပဋိပက္ခများကို စီမံခန့်ခွဲရာတွင် ဆီလျော်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း အဓိကထား ဆွေးနွေးသွားမည်ဖြစ်သည်။

သင်တန်းသား/သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်း၏ အရေးပါသည့် အယူအဆများ၊ ချဉ်းကပ်ပုံနည်းလမ်းများကို ပြည့်ပြည့်ဝဝ လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် ယင်းလေ့လာသိရှိထားသည့် အသိပညာများကို မြန်မာနိုင်ငံ၏ အခြေအနေနှင့်တိုက်ရိုက် အကျုံးဝင်နိုင်မည့် ကိစ္စရပ်များကို အဓိကထားကာ လက်တွေ့လေ့ကျင့်ခန်းများတွင် ပြန်လည်အသုံးချနိုင်မည့် အခွင့်အရေးများကိုလည်း ရရှိမည်ဖြစ်သည်။

သင်တန်းအား International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တည်ဆောက်ခြင်း အစီအစဉ်မှ သုတေသန ဝန်ထမ်းများနှင့် ပြင်ပအကြံပေးပုဂ္ဂိုလ်များမှ ပို့ချသွားမည်ဖြစ်သည်။ ရွေးချယ်ခံရသော သင်တန်းသား/သူများ၏ သင်တန်းကြေး၊ ခရီးစရိတ်၊ အစားအသောက်နှင့် နေရာထိုင်ခင်းများကို စီစဉ်ဆောင်ရွက်သူများမှ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ သင်တန်းသားအရေအတွက် ၂၅ ဦးဖြင့် ကန့်သတ်ထားပါသည်။



## သင်တန်း၏ ရည်ရွယ်ချက်များ

သင်တန်းပြီးမြောက်သွားပါက သင်တန်းသား/သူများသည် အောက်ပါတိုကို လုပ်ဆောင်နိုင်မည်ဖြစ်သည် -

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်း၏ အခြေခံမှုများနှင့် လုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာ နားလည်နိုင်မည်
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံပုံစံဒီဇိုင်းမှုများနှင့် နိုင်းယှဉ်လေ့လာထားသည့် အတွေ့အကြုံများအား မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းစဉ်းစားကာ အရေးပါသည့် သုံးသပ်မှုများပြုနိုင်မည်
- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုံစံဒီဇိုင်း၏ အရေးပါသော အယူအဆများကို ပြန်လည်မျှဝေကာ ဆွေးနွေးနိုင်ခြင်း နှင့် ယင်းအယူအဆများကို မြန်မာနိုင်ငံ၏ အခြေအနေတွင် အသုံးချနိုင်ရန် ဝေဖန်ဆွေးနွေးနိုင်မည်
- ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍကို နားလည်သိရှိနိုင်မည်
- မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုကို မြှင့်တင်ရန် လုပ်ဆောင်နိုင်သည့် အဖွဲ့စည်းများ နှင့် ပုဂ္ဂိုလ်တစ်ဦးချင်းမှ စုစည်းထားသည့် ကွန်ယက်များတွင် တက်တက်ကြွကြွ ပါဝင်နိုင်မည်
- မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုကို မြှင့်တင်ရန် တစ်ဦးချင်းစီ၏ အကြံဉာဏ်များနှင့် အစီအမံများကို အကောင်အထည်ဖော်နိုင်မည်။

## သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်

မြန်မာနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များတွင် လုပ်ဆောင်နေသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သုတေသနအင်စတီကျု့များ၊ နိုင်ငံရေးပါတီများ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ရှေ့နေများ၊ သတင်းမီဒီယာများ၊ အခြားသော အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်လျှောက်ထားနိုင်သည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့်ဆိုင်သော ဗဟုသုတရှိသူများကို ပိုဦးစားပေးမည်ဖြစ်ပြီး၊ လေ့လာထားသည့် အသိပညာများကို ပြန်လည်မျှဝေရန် ဆန္ဒရှိသူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များကို မျှဝေရန် ဖွဲ့စည်းထားသော ကွန်ရက်တွင် ပါဝင်ရန် စိတ်ပါဝင်စားသူများဖြစ်ရမည်။ သင်တန်းနည်းပြ အတွေ့အကြုံအချို့ရှိသူများ အကျိုးများနိုင်သည်။

သင်တန်းသားများကို ကျား/မဖြစ်တည်မှု၊ တိုင်းရင်းသားလူမျိုးများနှင့် မတူကွဲပြားသည့် အလုပ်အကိုင်အမျိုးမျိုးစသည်ဖြင့် ကိုယ်စားပြုမှုကို ရေးရှုကာရွေးချယ်သွားမည်ဖြစ်သည်။

---

*လျှောက်ထားရန်*

*လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာများကို ၂၀၁၈ခုနှစ်၊ မေလ ၄ ရက်နေ့ နောက်ဆုံးထားကာ my.constitution@idea.int သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်ထားရာတွင်*

*- ကိုယ်ရေးအချက်အလက်များဖောင် (Curriculum vitae)*

*- ဖြည့်ပြီးသား လျှောက်လွှာပုံစံတို့ဖြင့် လျှောက်ထားရမည်။* လျှောက်လွှာများကို အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာ တစ်မျိုးမျိုးဖြင့် ပေးပို့နိုင်သည်။(အင်္ဂလိပ်ဘာသာဖြင့် ပေးပို့ပါက ပို၍ အထောက်အကူဖြစ်သော်လည်း မဖြစ်မနေ လိုအပ်ချက် မဟုတ်ပါ။)

သင်တန်းသား/သူများသည် ၉ရက်လုံးမဖြစ်မနေတက်ရောက်ရမည်။

## သင်ကြားမည့်အကြောင်းအရာနှင့် သင်ကြားမှုနည်းလမ်း

ဤသင်တန်းသည် အသိပညာများနှင့် ကျွမ်းကျင်မှု နှစ်မျိုးစလုံးကို မျှဝေရန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုံစံဒီဇိုင်း နိုင်းယှဉ်လေ့လာမှု အသိပညာအား International IDEA ၏ သင်ကြားရေးအဖွဲ့မှ ဝန်ထမ်းများနှင့် အထူးခေါင်းစဉ်များကို ညွှန့်ကထိကများမှ ပို့ချသွားမည်ဖြစ်သည်။ သင်တန်းသား/သူများသည် နိုင်းယှဉ်လေ့လာမှု နည်းလမ်းများကို မြန်မာနိုင်ငံ၏ အခြေအနေတွင် အသုံးချကာ အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သည်။ ပြည်တွင်း ပညာရှင်များမှလည်း သက်ဆိုင်ရာခေါင်းစဉ်များကို ဆွေးနွေးမည်ဖြစ်သည်။

သင်တန်းတွင် အပြန်အလှန်ဆွေးနွေးမှု၊ သင်တန်းသားများမှအကြံပြုသော သင်ကြားမှုပုံစံနည်းစနစ်နှင့် တက်ကြွစွာပါဝင်မှုများကို အသုံးပြုသွားမည်ဖြစ်သည်။ သင်ကြားမှုများကို အင်္ဂလိပ်နှင့် မြန်မာနစ်ဘာသာဖြင့် အဓိကပို့ချမည်ဖြစ်သည်။ ဘာသာပြန်ခြင်းလည်း ပါဝင်မည်။

နံနက်ပိုင်းအစီအစဉ်များကို အရေးပါသော အယူအဆများကို တင်ဆက်မှုနှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများကို အဓိက လုပ်ဆောင်သွားမည်ဖြစ်သည်။ နေ့လည်ပိုင်းအစီအစဉ်တွင် အုပ်စုဖွဲ့ဆွေးနွေးမှုများနှင့်အတူ အသိပညာများကို မြန်မာနိုင်ငံ၏ အခြေအနေတွင် ပြန်လည်အသုံးချကာ လေ့လာသုံးသပ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆိုင်သော ဖြစ်ရပ်လေ့လာမှုများ ကိုလည်း ပြောဆိုဆွေးနွေးသွားမည်ဖြစ်သည်။ အချို့သော ညနေများတွင် ရုပ်ရှင်ဇာတ်လမ်းများ သို့မဟုတ် အလွတ်သဘော ဆွေးနွေးမှုများကိုလည်း အခါအခွင့်သင့်သလို ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းတွင်ပို့ချမည့် ခေါင်းစဉ်များမှာ အောက်ပါအတိုင်း လျာထားပါသည်။ အောက်ပါအစီအစဉ်သည် နောက်ဆုံး အတည်ပြုထားချက်မဟုတ်သည့်အတွက် ခေါင်းစဉ်အပြောင်းအလဲများရှိနိုင်ပါသည်။

၁။ ဒီမိုကရေစီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဝါဒနှင့် ကောင်းမွန်သောအစိုးရ
၂။ အာဏာခွဲဝေခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အပြန်အလှန်ထိန်းကျောင်းခြင်း
၃။ ဖက်ဒရယ်ဝါဒနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း
၄။ တရားစီရင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ
၅။ နိုင်ငံသားအခွင့်အရေး
၆။ ကျား၊မ ရေးရာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ
၇။ ပဋိပက္ခလွန်အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း လုပ်ငန်းစဉ်
၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံ၏ ပြရုပ်များ

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် ရေရှည်တည်တံ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှုများနှင့် ဒီမိုကရေစီကျသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တည်ဆောက်မှုတွင် ကျွမ်းကျင်သော ထိပ်တန်း အဖွဲ့အစည်းတစ်ဖွဲ့ ဖြစ်သည်။

International IDEA အား နိုင်ငံတကာအစိုးရချင်း ချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်း တစ်ခုအဖြစ် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ အဖွဲ့ဝင်နိုင်ငံပေါင်း ၃၀ ဖြင့် ဖွဲ့စည်းခဲ့သည်။ ကမ္ဘာတစ်ခွင် ရေရှည်တည်တံ့သော ဒီမိုကရေစီကို ကူညီအားပေးခြင်းနှင့် ဒီမိုကရေစီ အင်စတီကျူးရှင်းများနှင့် ဒီမိုကရေစီ ယဉ်ကျေးမှုများ ပေါ်ပေါက်လာစေရန် ပံ့ပိုးပေးခြင်းများပြုလုပ်ရန် ရည်မှန်းထားသည်။ သုတေသနပြုခြင်း၊ နိုင်ငံများအလိုက် ကွင်းဆင်းလုပ်ဆောင်ခြင်းနှင့် ဖွံ့ဖြိုးရေးအလှူရှင် အသိုင်းအဝိုင်းနှင့် ထိတွေ့ဆောင်ရွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရသည့်အားလျော်စွာ International IDEA သည် ဆွေးနွေးပွဲများပြုလုပ်နိုင်မည့် ဖိုရမ်တစ်ခု၊ ကျွမ်းကျင်ပညာရှင်များအချင်းချင်း ချိပ်ဆက်နိုင်မည့် ကွန်ယက်များ တည်ဆောက်ခြင်း၊ သင်တန်းတွင် အသုံးပြုနိုင်မည့် ကိရိယာများကို ရေးသားခြင်းနှင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဒေသလုံးဆိုင်ရာအဆင့်နှင့် နိုင်ငံတော်အဆင့်တွင် ဗျူဟာကျသော အကြံပေးမှုများကိုလည်း ပံ့ပိုးပေးပါသည်။

International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း အစီအစဉ်သည် ၂၀၀၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တည်ဆောက်ခြင်းလုပ်ငန်းစဉ်များနှင့် ပုံစံဒီဇိုင်းဆိုင်ရာ နှိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးရာတွင် ကမ္ဘာထိပ်တန်း အစီအစဉ်တစ်ခုဖြစ်သည်။ နီပေါ၊ မြန်မာ၊ သီရိလင်္ကာ၊ ရီမန်၊ တူနီးရှား၊ လစ်ဗျားယား၊ ယူကရိန်း၊ တောင်ဆူဒန်၊ ဘိုလေးဗီယား၊ အီကွေဒေါ နှင့် ချီလီ စသည့်နိုင်ငံများအပါအဝင် မတူညီသည့် နိုင်ငံများ၏ အခြေအနေများတွင် တိုက်ရိုက်ပံ့ပိုးမှုများ ထောက်ပံ့ပေးလျှက်ရှိသည်။

International IDEA သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ခိုင်မာအားကောင်းလာစေရန် အထူးသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ လွှတ်တော် လေ့လာစောင့်ကြည့်မှု၊ နိုင်ငံတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်မှု ခိုင်မာအားကောင်းလာစေခြင်း စသည့် ကဏ္ဍများတွင် ပံ့ပိုးပေးမှုများကို ဒီမိုကရေစီအရေး ဆောင်ရွက်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ International IDEA သည် မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ရုံးခန်းများ ဖွင့်လှစ်နိုင်ခဲ့သည်။

International IDEA ၏ MyConstitution Programme ကို ပြည်တွင်းဖြစ်၊ အသိပညာကြွယ်ဝပြီး အားလုံးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်ရန် ရှုမြင့်ကာ မြန်မာနိုင်ငံရှိ လုပ်ဖော်ဆောင်ဖက်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း အသိပညာများကို မြှင့်တင်ပေးခြင်းဖြင့် လုပ်ဖော်ဆောင်ဖက်များကို ပံ့ပိုးကူညီရန် ဖြစ်သည်။ ဤစီမံကိန်းကို နော်ဝေနိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လူဇင်ဘာခ်နိုင်ငံ အစိုးရတို့မှ ပံ့ပိုးကူညီသည်။

Norwegian Embassy

GRAND DUCHY OF LUXEMBOURG

# Constitution Academy 2018

## Call for Applications| **Deadline 4 May**

*Location: Pyin Oo Lwin*
*Date: Saturday 9th – Sunday 17th June 2018*

This nine-day intensive Myanmar Constitutional Academy course will give participants an introduction to the key principles and processes of constitutional design. It offers participants the opportunity to learn from leading international and local Myanmar experts in the fields of comparative constitutional law, and the history and development of constitutional law in Myanmar. The course focuses on the role of constitution-building in conflict settings, and in diverse or multi-ethnic countries, and the relevance of constitutional processes in managing such conflict.

Participants will gain a sophisticated appreciation for the core approaches to and concepts of constitutional design. They will also have the opportunity to apply this learning in practical exercises focused on issues directly relevant to the Myanmar context.

The training will be delivered by International IDEA staff and expert advisers.

Course costs, travel, food and accommodation for successful applicants will be covered by the organizers. The number of participants is limited to 25.



*To Apply*

*Applicants must be from Myanmar. Applications must be submitted via email to [my.constitution@idea.int](mailto:my.constitution@idea.int) by **4th of May 2018**. Applications must contain:*

*- Curriculum Vitae*

*- Completed application form*

*Applications can be submitted in either English or Myanmar Language (English is preferred but not necessary).*

*Please note that applicants must be able to commit to participate for the full 9 days.*

## Goals

Upon completion of the course, the participants will be able to:

- Demonstrate an advanced understanding of the principles and processes of constitutional design;
- Engage in critical and constructive analysis of Myanmar's 2008 Constitution in light of fundamental constitutional design principles and comparative experience;
- Discuss and share core concepts of constitutional design and debate their application to the case of Myanmar;
- Understand the role constitutions play in peace-building processes;
- Be active members of a network of individuals and organizations capable of developing activities to promote constitutional culture in Myanmar; and
- Implement individual action plans to promote constitutional culture in Myanmar.

## Participant Profile

Participants may include representatives of civil society organizations, research institutes, political parties, academia, lawyers, journalists and other state or non-state organizations engaged in constitutional issues in Myanmar.

Some existing knowledge of Myanmar constitutional questions is desirable, as is the willingness and interest to share the knowledge learned, and an interest in participating in a network of future facilitators on constitutional issues. Some experience as a trainer would be beneficial.

Participants will be selected with a view towards representativeness of the group in terms of gender, ethnicity as well as diversity of professional backgrounds.

## Course Content and Training Methods

The training will encompass both knowledge and skills transfer. Comparative constitutional design knowledge will be imparted by a faculty led by International IDEA staff, and guest lecturers on specific topics. Participants will be asked to apply and discuss comparative approaches in the Myanmar context in detail. This will include dialogue with national experts on relevant issues.

The training will employ an interactive, participant-driven methodology and active involvement in the course is expected of participants. The course will be delivered predominantly in English and Myanmar language, with interpretation.

The morning sessions will be more focused on presentations of key concept as well as group work. Afternoon sessions will emphasize group work and application of the knowledge to the Myanmar context and constitution, as well

as dialogue around case studies. On some evenings, optional activities such as talks or films followed by discussion will also be organized.

A tentative list of topics to be covered is provided below. This outline is not final and is subject to change.

1. Democracy, Constitutionalism and Good Government
2. Separation of Power and Constitutional Checks and Balances
3. Federalism and Decentralization
4. Judiciary and Constitution
5. Bills of Rights
6. Gender and Constitutions
7. Constitution-building in Post-Conflict Settings
8. Constitutional History and Trajectory of Myanmar

## About International IDEA

The International Institute for Democracy and Electoral Assistance (International IDEA) is a leading expert organization in sustainable democratic transitions and in democratic constitution-building.

International IDEA is an intergovernmental organization established in 1995, with 30 Member States, which aims to support sustainable democracy worldwide and assist in the development of institutions and the culture of democracy. At the interface between research, fieldwork and the donor community, International IDEA provides a forum for dialogue, builds networks of experts, develops training materials and provides strategic advice at the international, regional and national level, cooperating with a range of organizations.

Since its establishment in 2005, the International IDEA Constitution-Building Programme has been a global thought leader in providing comparative knowledge on constitution-building processes and constitutional design, and International IDEA has provided direct assistance in several different country contexts including Nepal, Myanmar, Sri Lanka, Yemen, Tunisia, Libya, Ukraine, South Sudan, Bolivia, Ecuador, and Chile.

In Myanmar, International IDEA works with democratic stakeholders to consolidate the transition to democracy, by contributing to electoral processes, democratic oversight of the parliament, and by strengthening constitutional expertise in the country. International IDEA established its presence in Myanmar in 2012 and has offices in Yangon and Naypyitaw.

The MyConstitution project supports partners in Myanmar in strengthening their expertise on constitution-building, with a focus on building a home-grown, well-informed, and inclusive constitutional culture. The project is funded by the Ministry of Foreign Affairs of Norway and the Grand Duchy of Luxembourg.

Norwegian Embassy

GRAND DUCHY OF
LUXEMBOURG